လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)
DEMOCRATIC PARTY FOR A NEW SOCIETY (DPNS)
အမှတ် (၁၂၄)၊ စတုတ္ထထပ်၊ မဟာဗန္ဓုလလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

**ငြိမ်းချမ်းရေး လူထုနှီးနှောဖလှယ်ပွဲ (ရန်ကုန်)သို့ တင်သွင်းသည့် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၏ အမြင်သဘောထားစာတမ်း (လက်ရှိ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ပြည်သူများ၏ အခန်းကဏ္ဍ)**

ငြိမ်းချမ်းရေး လူထုနှီးနှောဖလှယ်ပွဲ (ရန်ကုန်)သို့ အားတက်သရော တက်ရောက်လာကြသည့် နိုင်ငံရေးအင်အားစုအသီးသီးသည် ယနေ့ မိမိတို့တိုင်းပြည်အတွက်၊ မိမိတို့ ပြည်သူလူထုကြီးအတွက် အရေးတကြီး လိုအပ်ချက်ဖြစ်သည့် ငြိမ်းချမ်းရေးရရှိနိုင်ရန် မိမိတို့ကိုယ်တိုင်၏ လုံ့လဥဿဟဖြင့် ကြိုးပမ်းတည်ဆောက်ကြဖို့အတွက် စုရုံးရောက်ရှိလာကြသော လူမျိုးစုံ မြန်မာပြည်သူလူထုကြီး၏ အစိတ်အပိုင်းတစ်ရပ်ပင် ဖြစ်ပေသည်။ ဤကဲ့သို့ မိမိတို့ကံကြမ္မာကို မိမိတို့ ဖာသာဖန်တီးရန် အားထုတ်ကြိုးပမ်းလာကြသော ငြိမ်းချမ်းရေးလိုလားသူ အင်အားစုအသီးသီးအား မိမိတို့ပါတီက ဂုဏ်ယူလှိုက်လှဲစွာ နှုတ်ခွန်းဆက်သအပ်ပါသည်။

မိမိတို့တိုင်းပြည်၏ လွတ်လပ်ရေးသက်တမ်း နှစ် (၇၀) ကျော်သည် စင်စစ် ပြည်တွင်းစစ်သက်တမ်းပင် ဖြစ်ပေသည်။ ပြည်တွင်းစစ် နှစ် (၇၀) သက်တမ်းအတွင်း ဖဆပလ၊ ပထစ၊ တော်လှန်ရေးကောင်စီ၊ မဆလ၊ နဝတ၊ နအဖ၊ ပြည်ခိုင်ဖြိုး၊ ဒီ/ချုပ် စသည့်အာဏာရအစိုးရ (၈) ဆက်လုံးက ဆောင်ရွက်ခဲ့ကြသမျှ ငြိမ်းချမ်းရေး၊ စေ့စပ်ဆွေးနွေးရေး၊ အပစ်အခတ်ရပ်စဲရေး အားထုတ်ခဲ့မှု အားလုံးလိုလိုပင် လူမျိုးစုံပြည်သူလူထုကြီး၏ လွတ်လပ်သော ငြိမ်းချမ်းရေးဖေါ်ဆောင်မှုအမြင်များကို အခြေခံ၍ ဆောင်ရွက်ခဲ့ကြခြင်းမဟုတ်ဟု ဆိုနိုင်သည်။

လက်ရှိဆောင်ရွက်နေသည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစုပင်လုံဆွေးနွေးပွဲ)သည် သမ္မတဦးသိန်းစိန်လက်ထက်က စတင်ခဲ့သော နိုင်ငံလုံးဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ် (NCA) မူကြမ်း၏ အဆက်အဖြစ် ဆောင်ရွက်နေခြင်းဖြစ်သည်။

NCA အခြေခံသည့် ငြိမ်းချမ်းရေးဖြစ်စဉ်သည် ယခုအခါ (၃) နှစ်တာကာလသို့ ချဉ်းနင်းဝင်ရောက်လာပြီ ဖြစ်သော်လည်း အမှန်တကယ် နိုင်ငံလုံးဆိုင်ရာ ပစ်ခတ်တိုက်ခိုက်နေမှုများ ရပ်စဲသွားခြင်း မရှိပေ။ အင်အားစုများအားလုံး တန်းတူရည်တူ စုံညီစွာ ပါဝင်ဆွေးနွေး အဖြေရှာခွင့်ရှိသည့် နိုင်ငံရေးဆွေးနွေးပွဲမျိုးလည်း ဖေါ်ဆောင်နိုင်ခြင်း မရှိသေးချေ။ NCA တွင် ပါဝင်လက်မှတ်ရေးထိုးထားပြီးဖြစ်သည့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများနှင့် စစ်ရေးတင်းမာမှု၊ ထိတွေ့ပစ်ခတ်မှုများ ဖြစ်ပွားလျက်ရှိသည်။ လူထုတွေ့ဆုံပွဲများ ကန့်သတ်ပိတ်ပင်ခံရပြီး အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးမှုများ မလုပ်နိုင်ဘဲ အကျပ်အတည်းကြီးစွာ ရင်ဆိုင်နေကြရသည်။ ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းဒေသများတွင် တိုက်ပွဲကြားပိတ်မိနေသော ပြည်သူများ၊ စစ်ဘေးရှောင်ဒုက္ခသည်များ စသည့် လူမျိုးစုံတိုင်းရင်းသားအမြောက်အမြား အတိဒုက္ခကျရောက်နေလျက်ရှိပြီး မိမိတို့ဌာနေရင်းသို့ အားလုံး ပြန်လည်နေထိုင်နိုင်ခြင်း မရှိကြသေးချေ။

ငြိမ်းချမ်းရေးလုပ်ငန်း အကြပ်အတည်းဖြစ်ချိန်၌ ပြည်တွင်း ဘာသာရေး၊ လူမျိုးရေးအစွန်းရောက် ဆူပူမှုများ၊ ရခိုင်မြောက်ပိုင်းအကြမ်းဖက်မှုများ ထပ်ဆင့်ရှုပ်ထွေးလာပြီး ငြိမ်းချမ်းရေးလုပ်ငန်းများ အချိန်ရွှေ့ပြီးရင်းရွှေ့လာကာ မေလတွင် ကျင်းပရန် လျာထားခဲ့သော ၂၁ ပင်လုံ တတိယအစည်းအဝေးသည် ဇူလိုင်လကျခါမှ ကျင်းပနိုင်ခဲ့သည်။

၂၁ ပင်လုံ တတိယအစည်းအဝေး၏ သဘောတူညီချက် (၁၄) ချက်ဆိုသည်ကို လေ့လာသောအခါ၌လည်း ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး၊ အမျိုးသားသွေးစည်းညီညွတ်ရေး၊ ဒီမိုကရက်တစ်ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးတို့အတွက် အရေးတကြီး ဆုံးဖြတ်သဘောတူညီကြရမည့် အခြေခံကျသောအချက်များ မဟုတ်ကြပါ။ အမျိုးသမီးအခွင့်အရေးဆိုင်ရာ ဖေါ်ပြချက်များသည်ပင် ယေဘုယျနိုင်လှပြီး၊ စည်းနှောင်မှုအားနည်းသော စကားလုံးများဖြင့် ဖေါ်ပြထားပေသည်။ လက်ငင်း အရေးတကြီးလိုအပ်သည့် ***CEDAW အပိုဒ် (၂၉) ပါ ခြွင်းချက်ကို ပယ်ဖျက်လျက် ခြွင်းချက်မထားဘဲ သဘောတူညီရေး*** ဆိုသည်ကိုမူ ပြောင်ပြောင် ရှောင်ဖယ်ထားကြောင်း တွေ့ရသည်။ ရှမ်း/မြောက်ဒေ

သရှိ ကိုးကန့်၊ ပလောင်၊ ရခိုင်အဖွဲ့များအား ယခင်အစိုးရက NCA တွင် ပါဝင်ခွင့် ပိတ်ပင်ရုံမျှ ဖြစ်ခဲ့ပြီး ၎င်းနောက် အကြမ်းဖက်အဖွဲ့အဖြစ် ရှမ်းပြည်လွှတ်တော်တွင် သတ်မှတ်သည်အထိ တင်းမာမှုတိုးခဲ့သည်။ စစ်ဘက်နှင့် အစိုးရကြား၊ စစ်ဘက်နှင့် တိုင်းရင်းသားလက်နက်ကိုင်တို့ကြား၊ အစိုးရနှင့် တိုင်းရင်းသားတို့ကြား၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ ချင်းများကြား အရှုပ်အထွေး၊ ပဋိပက္ခ၊ မယုံကြည်မှုများ ပိုမို မြင့်တက်လာခဲ့သည်။ ယခုနောက်ဆုံး NCA အခြေခံသည့် ဖြစ်စဉ်တွင် ပါဝင်ခြင်းမရှိသေးသည့် မြောက်ပိုင်းမဟာမိတ် (၇) ဖွဲ့၌ အဓိကကျသော ဝပြည်သွေးစည်းညီညွတ်ရေးပါတီ က NCA သည် သုံးသပ် ပြင်ဆင်ခွင့်လည်းရှိ / ပြန်လည် နုတ်ထွက်ခွင့်လည်းရှိကြောင်း အစိုးရနှင့် တပ်မတော်တို့က စာ ဖြင့်ရေးသား အာမခံမည်ဆိုပါက NCA ဖြစ်စဉ်ထဲတွင် ၎င်းတို့အနေနှင့် ပါဝင်လာနိုင်ဖွယ်ရှိကြောင်း ၂၁ ပင်လုံ တတိယအ စည်းအဝေးတွင် အတိအလင်း ပြောဆိုထားသည်။

ဒေသခံတိုင်းရင်းသားပြည်သူများ လက်မခံသည့် စီမံကိန်းများ၊ ရင်းနှီးမြှုပ်နှံမှုများ၊ အထိမ်းအမှတ်ပြုမှုများ၊ အမည် နာမကမ္ပည်းထိုးမှုများ စသည့်ဖြစ်ရပ်တို့ကလည်း နားလည်မှုလွဲစေရာ၊ အပြန်အလှန် လေးစားယုံကြည်မှု ပျက်ပြားစရာများ ဖြစ်နေသည်။ လူမျိုးစုတိုင်းရင်းသားတို့၏ လွတ်လပ်ခွင့်၊ တန်းတူမှု၊ တရားမျှတမှုတို့နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ကို အာမ ခံနိုင်ခြင်း မရှိသေးလျှင် ငြိမ်းချမ်းရေးဖော်ဆောင်မှုသည် ခရီးတွင်ရန် ခက်ခဲလိမ့်မည်ဟု မိမိတို့အနေဖြင့် ရှုမြင်သုံးသပ် ပါသည်။

ဤနေရာတွင် ပြည်တွင်းစစ်ဖြစ်ပွားရခြင်း အခြေခံအကြောင်းတရားကို ချဉ်းကပ်နားလည်ပုံက တစုံတရာ သော့ ချက်ကျပေလိမ့်မည်။ " မြန်မာပြည် ပြည်တွင်းစစ်၏ အရင်းခံအကြောင်းတရားမှာ (၁) ဒီမိုကရေစီ ဆိတ်သုဉ်းခြင်းနှင့် (၂) အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်များ ဆုံးရှုံးခြင်းတို့ကြောင့် ဖြစ်သည်။ " ဆိုသောအချက်အား မိမိတို့ပါတီက လေးလေးနက်နက် ထောက်ပြလိုသည်။

မိမိတို့ ယုံကြည်ယူဆသည့်အတိုင်း လွတ်လပ်စွာ ထုတ်ဖော်ပြောဆို၊ ရေးသားခြင်းတို့ကြောင့် အာဏာလက်ကိုင် ရှိသူတို့က လက်နက်အင်အားသုံး၍ အကြမ်းဖက်ချေမှုန်းရန် အားထုတ်လာကြသဖြင့် ဗမာပြည်ကွန်မြူနစ်ပါတီ၏ လက် နက်ကိုင်တော်လှန်ရေး စတင် ပေါ်ပေါက်ခဲ့သည်။ ၎င်းနောက် ဆက်တိုက်ပင် တိုင်းရင်းသားလူမျိုးစုတို့၏ မွေးရာပါ ရှိနှင့်ပြီး ဖြစ်သည့် ကိုယ်ပိုင်လက္ခဏာ၊ ယဉ်ကျေးမှုဓလေ့၊ လူမျိုးချင်းတန်းတူခွင့်၊ ကိုယ်ပိုင်ပြဋ္ဌာန်းအုပ်ချုပ်ခွင့်တို့အပေါ် လက်နက် အင်အားအသုံးချ၍ ဖိနှိပ်၊ ဖျက်ဆီးခံရသဖြင့် လူမျိုးပေါင်းစုံပြည်သူတို့၏ လက်နက်ကိုင်တော်လှန်ရေးများ ပေါ်ပေါက်ခဲ့ကြ ရခြင်းဖြစ်သည်။

အယူဝါဒအစွန်းရောက်မှု၊ လူမျိုးရေး ဘာသာရေး အစွဲကြီးမှုတို့ကြောင့် စစ်ဖြစ်ရသည်ဟု မှောက်မှားစွာ သုံးသပ် ချဉ်းကပ်နေပါလျှင် ပြည်တွင်းစစ်မီး အရှည်သဖြင့် ဆက်လက်မြိုက်လောင်နေဦးမည်ဟု မိမိတို့အနေဖြင့် ရှုမြင်သုံးသပ် မိပါသည်။

ငြိမ်းချမ်းရေး၊ ၂၀၀၈ ပြုပြင်ရေး ဆိုသည့်ကိစ္စများ၌ အားလုံးပါဝင်ရေးဆိုသော မူသဘောထားတို့သည် ရွေး ကောက်ပွဲ အနိုင်မရသည့် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားပါတီများ၊ CSOs များ စသည်တို့နှင့် တစုံတရာမျှ မပတ်သက် သကဲ့သို့ အခြေဆိုက်လာသည်။ နယ်ခြားစောင့်ရဲ၊ ပြည်သူ့စစ် အလုပ်ခံရသော အင်အားစုများအဖို့ မည်သည့် ပြောရေး ဆိုခွင့်မျှ မရှိတော့သည်ကို တွေ့ရသည်။ အင်အားစုအားလုံး စုံစုံညီညီ ပါဝင်ဆွေးနွေး အဖြေရှာနိုင်ခွင့်ရှိလာရန် အဖု အထစ်ဖြစ်စေသည့် မည်သည့်အချက်ကိုမဆို ပြန်လည်သုံးသပ် ပြင်ဆင်သင့်သည်ဟု မိမိတို့ပါတီအနေဖြင့် နိုင်ငံအစိုးရ၊ တပ်မတော်၊ တိုင်းရင်းသားတော်လှန်ရေးအင်အားစုများအပါအဝင် အင်အားစုအသီးသီးအား နှိုးဆော်တိုက်တွန်းအပ် ပါသည်။

ပြည်တွင်း နိုင်ငံရေးတည်ငြိမ်ရေး၊ ပြည်တွင်းပဋိပက္ခများ လျော့နည်းရေးနှင့် ပြည်တွင်းစစ်မီး ချုပ်ငြိမ်းရေးတို့သည် တိုင်းပြည်၏ သော့ချက်ပြဿနာ ဖြစ်သည်ဟု မိမိတို့ပါတီက လေးလေးနက်နက် ခံယူပါသည်။ မိမိတို့ လူ့ဘောင်သစ်ဒီမိုက ရက်တစ်ပါတီက ယုံကြည်သည်မှာ

(က) ငြိမ်းချမ်းရေး ဟူသည် ပြည်သူတစ်ဦးချင်းတိုင်းနှင့် သက်ဆိုင်သည်။

( ခ) ငြိမ်းချမ်းရေး ဖော်ဆောင်မှုသည်သာ အဓိက ဦးတည်ရမည့် လိုရင်းဖြစ်သည်။

စစ်ကြောင့် သေကြေပျက်စီးရမှု၊ အိုးအိမ် ဥစ္စာဆုံးရှုံးမှု၊ အင်္ဂါချွတ်ယွင်းမှု၊ ပညာ စီးပွား ပျက်ပြားထိခိုက်မှု၊ မွဲတေ ဆင်းရဲမှု၊ မဖွံ့ဖြိုးနိုင်မှုစသည့် နစ်နာဆုံးရှုံးမှုအလုံးစုံကို ပြည်သူလူထုကြီးက တိုက်ရိုက်ခံစားကြရသလို ၎င်းဒုက္ခမှ လွတ် မြောက်လိုသောဆန္ဒသည် လူမျိုးစုံပြည်သူလူထုကြီး၏ ပြင်းပြသောဆန္ဒ ဖြစ်ပေသည်။ ထိုသဘောထားဆန္ဒများနှင့်

ပြည်သူလူထုကြီး၏လွတ်လပ်သော ငြိမ်းချမ်းရေးဖော်ဆောင်မှုအမြင်များကို စုစည်းရယူ အခြေခံခြင်းမပြုဘဲ စစ်မှန်သော၊ ခိုင်မာတည်တံ့သော ပြည်တွင်းငြိမ်းချမ်းရေးကို တည်ဆောက် အောင်မြင်လိမ့်မည် မဟုတ်ချေ။

ထို့ကြောင့် ငြိမ်းချမ်းရေးသည် လူမျိုးစုံပြည်သူလူထုကြီး၏အပိုင် ဖြစ်ရပေမည်။ တနည်း လူမျိုးစုံပြည်သူလူထုကြီး၏ လွတ်လပ်သော ငြိမ်းချမ်းရေးဖော်ဆောင်မှုအမြင်များကို အခြေခံလျက် ပြည်တွင်းငြိမ်းချမ်းရေးကို တည်ဆောက်ရပေလိမ့်မည်။

ငြိမ်းချမ်းရေးဖော်ဆောင်မှုအတွက် ပဏာမလိုအပ်ချက်များဖြစ်သည့် အောက်ပါအခြေအနေများကို ဖန်တီးရန် လိုအပ်သည်ဟု မိမိတို့ အမြင်သဘောထားကို တင်ပြအပ်ပါသည်။

၁။ ငြိမ်းချမ်း တည်ငြိမ်သော ပတ်ဝန်းကျင်အခင်းအကျင်းတစ်ရပ် ဖော်ဆောင်ရန် နိုင်ငံတော်တွင် တာဝန်အရှိဆုံးဖြစ်သော အစိုးရနှင့် တပ်မတော်တို့က ထိုးစစ်များအားလုံး ရပ်စဲလျက် ပစ်ခတ်တိုက်ခိုက်မှုများ ရပ်စဲကြောင်း ရှေ့ဦးစွာ ကြေညာလျက် ကျန် တော်လှန်ရေးလက်နက်ကိုင်အင်အားစုများ အားလုံးကလည်း အလားတူ လိုက်ပါကြေညာပေးကြရန် လိုအပ်ပါသည်။

၂။ တိုင်းရင်းသားလူမျိုးစုများ၏ နယ်မြေများတွင် စစ်ရေးမဟာဗျူဟာရည်ရွယ်ချက်ဖြင့် လမ်း တံတားများ ဖေါက်လုပ်ခြင်း၊ ဒေသခံလူထုများ သဘောမတူသည့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုဖြင့် မြေပေါ်မြေအောက် သယံဇာတများ ထုတ်ယူခြင်း၊ စက်ရုံ အလုပ်ရုံများ တည်ဆောက်ခြင်း၊ စီးပွားရေးစီမံကိန်းကြီးများ လုပ်ဆောင်ခြင်းများကို ယာယီအားဖြင့် ရပ်ဆိုင်းပေးထားရပါမည်။

၃။ လူမှုတရားမျှတမှုနှင့် တန်းတူမှုကို ဆိုးဆိုးရွားရွား ထိခိုက်စေသည့်အတွက် လူတစ်စုက တိုင်းပြည်၏ စီးပွါးရေး အခွင့်အလမ်းအားလုံးကို လက်ဝါးကြီးအုပ် ပိုင်ဆိုင်ခြယ်လှယ်ခွင့်ရနေမှုအား ဥပဒေဖြင့် တိတိကျကျ ကန့်သတ်ကာကွယ်ပေးရပါမည်။

၄။ ကြိုတင်ကန့်သတ်ချက်များ ဆုပ်ကိုင်ထားခြင်းမပြုဘဲ ငြိမ်းချမ်းရေးဖော်ဆောင်မှု ပြေလည် ချောမွေ့မည့်နည်းလမ်းများအား အကျေအလည် ညှိနှိုင်းပြင်ဆင် အဖြေရှာရေးကိုသာ တည့်တည့် ဦးတည်သင့်ပါသည်။

၅။ ပုဒ်မ (၁၇ / ၁) ကဲ့သို့ ငြိမ်းချမ်းရေးဖော်ဆောင်မှုနှင့် မဆီလျော်၊ အံမဝင်သော ဥပဒေပုဒ်မများအားလုံး ဖျက်သိမ်းပစ်ရန် လိုအပ်ပါသည်။

၆။ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်အတွင်း တော်လှန်ရေးအင်အားစုအားလုံး အင်အား ကြီး-ငယ်မရွေး၊ လွတ်လပ်တန်းတူမှုရှိစွာ၊ တရားမျှတစွာ၊ အပြန်အလှန် လေးစားမှုရှိစွာ ပါဝင်ဆွေးနွေး ဆုံးဖြတ်ပိုင်ခွင့်ကို အာမခံရပါမည်။

၇။ ပြည်သူလူထုနှင့် လူထုအခြေပြုအရပ်ဖက်အဖွဲ့အစည်းများ၏ လွတ်လပ်စွာပါဝင်ခွင့်ကို အပြည့်အဝ လေးစား အသိအမှတ်ပြုရပါမည်။

ဤအခြေအနေများ အခိုင်အမာ အပြည့်အဝ ပေါ်ပေါက် ဖြစ်ထွန်းလာရန်အတွက် နိုင်ငံရေးပါတီများ၊ (လက်နက်ကိုင်သည်ဖြစ်စေ၊ မကိုင်သည်ဖြစ်စေ) တိုင်းရင်းသားအင်အားစုများ၊ အရပ်ဖက်အဖွဲ့အစည်းများ၊ အလွှာအသီးသီး လူထုလူတန်းစားများ စသည်ဖြင့် အကျယ်ပြန့်နိုင်ဆုံး ပြည်သူလူထုကြီး၏ စုပေါင်းအင်အားဖြင့် ဝိုင်းဝန်းအားထုတ် ကြိုးပမ်းကြရမည်ဟု မိမိတို့အနေဖြင့် အခိုင်အမာယုံကြည်ပါသည်။ ထိုကဲ့သို့ ဝိုင်းဝန်းရုန်းကန် လှုပ်ရှားကြရာတွင်လည်း မိမိတို့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီအနေဖြင့် ကျရာတာဝန်ကို လူမျိုးစုံပြည်သူလူထုကြီးနှင့်အတူ လက်တွဲ ထမ်းဆောင်မည်ဖြစ်ပါကြောင်း ရန်ကုန် - ငြိမ်းချမ်းရေး လူထုနှီးနှောဖလှယ်ပွဲကြီးအား တိုင်တည်လျက် လေးလေးနက်နက် ကတိပြုအပ်ပါသည်။

**" ပြည်သူတို့၏ ငြိမ်းချမ်းရေးဆန္ဒ အောင်ပွဲခံရမည် "**

ဗဟိုဦးဆောင်ကော်မတီ
လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ
၂၀၁၈ ခုနှစ်၊ ဇူလိုင်လ (၂၇) ရက်။